**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**နေပြည်တော်**

Mega Myanmar Energy Co.,Ltd မှ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ၁၀၀၀ ကီလိုဝပ် နမ့်လိန်ချောင်းရေအားလျှပ်စစ်စီမံကိန်းအတွက် တင်ပြလာသော ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ(IEE)၏

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

**(Environmental Compliance Certificate-ECC)**

ရက်စွဲ။ ၂၀၂၃ ခုနှစ် ဇူလိုင်လ ၂၅ ရက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်**

**(Environmental Compliance Certificate - ECC)**

သက်သေခံလက်မှတ်အမှတ်။ ECC ( ၂၇၂ ) ရက်စွဲ ။၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂)နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ(က)တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ(ခ)ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate - ECC)ကို ထုတ်ပေးလိုက်သည်-

| | | | |
|---|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - | U Zaw Min<br>Managing Director |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | - | No.(116), Zizawa Street, Kanauk Block, Taunggyi, Southern Shan State, Myanmar, Mega Myanmar Energy Co.,Ltd,09-428315177, hydroman.2005 @gmail.com |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - | ၁၀၀၀ ကီလိုဝပ် နမ့်လိန်ချောင်း ရေအားလျှပ်စစ် စီမံကိန်း |
| (ဃ) | **စီမံကိန်းကာလ** | - | အခွင့်အမိန့်ရအဖွဲ့အစည်းကခွင့်ပြုသည့် ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - | ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်အတွင်းရှိ နမ့်လိန်ချောင်းပေါ်တွင် ၁၀၀၀ ကီလိုဝပ် ထုတ်လုပ်နိုင်သော Run-of-river (ROR) အမျိုးအစား၊ လျှပ်စစ်ထုတ်လုပ်နိုင်မှု စွမ်းအားမှာ ၇၀၀ မှ ၁၀၀၀ ကီလိုဝပ်နှင့် တာဘိုင် ၃၅၀ ကီလိုဝပ် ၃ လုံး တပ်ဆင်ခြင်း စီမံကိန်း |
| (စ) | **စီမံကိန်းတည်နေရာ** | - | ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်အတွင်းရှိ နမ့်လိန်ရေအားလျှပ်စစ် ထနောင်းကျေးရွာအနီး |

(ဆ) **ECC သက်တမ်း** - (၅) နှစ်

စတင်ထုတ်ပေးရက် - ၂၈-၁၀-၂၀၂၀

သက်တမ်းကုန်ဆုံးရက် - ၂၇-၁၀-၂၀၂၅

(ဇ) **အတည်ပြုအစီရင်ခံစာ** - ရှမ်းပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၏ ၁၆-၅-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ပတ်ဝန်းကျင်/စွမ်းအင်(၀၆၈၈/၂၀၁၉)

**စည်းကမ်းချက်များသတ်မှတ်ခြင်း**

၂။ အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ရရှိနိုင်ရေးအတွက် ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားခြင်းဖြစ်ပါသည်-

(က) ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ခ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဂ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေး ဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(င) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်။

၂၅.၇.၂၀၂၂

(လှမောင်သိန်း)
အမြဲတမ်းအတွင်းဝန်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နောက်ဆက်တွဲ (က)

**Mega Myanmar Energy Co.,Ltd မှ အကောင်အထည်ဖော်ဆောင်ရွက်မည့် ၁၀၀၀ ကီလိုဝပ် နမ့်လိန်ချောင်း ရေအားလျှပ်စစ်စီမံကိန်း၏ စီမံကိန်းအကြောင်းအရာဖော်ပြချက်**

၁။ Mega Myanmar Energy Co.,Ltd မှ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်အတွင်းရှိ နမ့်လိန်ချောင်းပေါ်တွင် လျှပ်စစ်ဓာတ်အား (၁၀၀၀) ကီလိုဝပ် ထုတ်လုပ်နိုင်သော နမ့်လိန်ရေအားလျှပ်စစ်စီမံကိန်းအတွက် ရှမ်းပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၏ ၁၆-၅-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ပတ်ဝန်းကျင်/ စွမ်းအင် (၀၆၈၈/၂၀၁၉)ဖြင့် တင်ပြခဲ့သည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ(Initial Environmental Examination-IEE)ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်း ဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** U Zaw Min, Managing Director, Mega Myanmar Energy Co., Ltd, 09-428315177, hydroman.2005@gmail.com ဖြစ်ပါသည်။


၃။ **စီမံကိန်း၏ အစိတ်အပိုင်းများ။** ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်အတွင်းရှိ နမ့်လိန်ချောင်းပေါ်တွင် ၁၀၀၀ ကီလိုဝပ် ထုတ်လုပ်နိုင်သော Run-of-river (ROR) အမျိုးအစား စီမံကိန်း၊ လျှပ်စစ်ထုတ်လုပ်နိုင်မှု စွမ်းအားမှာ ၇၀၀ မှ ၁၀၀၀ ကီလိုဝပ်နှင့် တာဘိုင် ၃၅၀ ကီလိုဝပ် ၃ လုံး တပ်ဆင်ခြင်း၊ စီမံကိန်းအတွက် လိုအပ်သည့် အဆောက်အအုံများမှာ ရေလွှဲအဆောက်အအုံ၊ ရေယူအဆောက်အအုံ၊ ရေသွယ်မြောင်း၊ ရေဖြည့်ကန်၊ ဖိအားမြင့် ရေသွယ်ပိုက်၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် သီးခြားအဆောက်အအုံများစသည်တို့ လိုအပ်ပါသည်။ နမ့်လိန်ရေစီးအားမှာ အလွန်ကောင်းမွန်သည့်အတွက် ရေအားလျှပ်စစ်ထုတ်ယူရန် လိုအပ်သော ရေအားကို အကွာအဝေး(၁.၅)ကီလိုမီတာအတွင်း ရရှိနိုင်ပြီး ပတ်ဝန်းကျင်အား ထိခိုက်မှု အနည်းဆုံးဖြစ်မည့် အနေအထားတွင် ရှိပါသည်။ ဝန်ထမ်းများအတွက် လိုအပ်သော သောက်သုံးရေနှင့် ချက်ပြုတ်ရေအား တွင်းရေမှ ရယူသုံးစွဲမည်ဖြစ်ပြီး လျှော်ဖွတ်ရေနှင့် ချိုးရေအား ချောင်းရေမှ အသုံးပြုခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးရေအား ချောင်းရေအရင်းအမြစ်မှ သုံးစွဲခြင်း၊ မီးဘေးအတွက် ရေအရင်းအမြစ်ကို ရေစုကန်အတွင်း၌ သိုလှောင်ထားရှိမည် ဖြစ်ပါသည်။

၄။ **ကုန်ကြမ်းပစ္စည်းနှင့် စက်ပစ္စည်းများ။** စီမံကိန်းတွင် လိုအပ်သော စက်ပစ္စည်းများအနေဖြင့် Back hole , Back hole loader , Stone and earth carrying truck , Crane , Crusher , Screening , Dradging Machine , Concrete mixer, Diesel Generator, Brick Maker , Welding (iron), Iron rebar for iron plate, Conveyor, Small Hydropower plant တို့ဖြစ်ပြီး လိုအပ်သော ကျောက်စရစ်နှင့် သဲကို နမ့်ပိန်းချောင်းမှ ထုတ်ယူသုံးစွဲသွားမည်ဖြစ်ကြောင်း၊ ချောင်းထဲတွင် သဲ၊ အာလူးကျောက်နှင့် ကျောက်ကြီးများ အသင့်အတင့်ပါဝင်သောကြောင့် လိုအပ်သော ကျောက်များ

ရရှိနိုင်ခြင်း၊ လျှပ်စစ်အတွက် (၁၀၀)ကီလိုဝပ် (၁၂၅ ကေဗွီအေ) ဂျင်နရေတာအား အသုံးပြုမည် ဖြစ်ပြီး ရေအားလျှပ်စစ်အသေးစားတစ်လုံးတပ်ဆင်အသုံးပြုမည် ဖြစ်ပါသည်။

၅။ **စီမံကိန်းတည်နေရာ။** ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်အတွင်းရှိ ထနောင်းကျေးရွာ(၇ မိုင်ကျေးရွာ)အနီးတွင် တည်ရှိပါသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်အတွင်းရှိ နမ့်လိန်ချောင်းပေါ်တွင် ၁၀၀၀ ကီလိုဝပ် ထုတ်လုပ်နိုင်မည့် နမ့်လိန်ရေအားလျှပ်စစ်စီမံကိန်း တည်နေရာပြမြေပုံ





Legend

Mong Ping Town


Namp-Lein Hydropower Project

## ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်ရှိ နမ့်လိန်ရေအားလျှပ်စစ်စီမံကိန်း၏ Longitudinal Section ပုံ



## ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်ရှိ နမ့်လိန်ရေအားလျှပ်စစ်စီမံကိန်း၏

**Layout map**



နောက်ဆက်တွဲ (ခ)

## ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းချက်များ

### ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာအရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ

၆။ Mega Myanmar Energy Co.,Ltd မှ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်အတွင်းရှိ နမ့်လိန်ချောင်းပေါ်တွင် လျှပ်စစ်ဓာတ်အား (၁၀၀၀) ကီလိုဝပ် ထုတ်လုပ်နိုင်သော နမ့်လိန်ရေအားလျှပ်စစ်စီမံကိန်းအတွက် ရှမ်းပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၏ ၁၆-၅-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ပတ်ဝန်းကျင်/ စွမ်းအင် (၀၆၈၈/၂၀၁၉)ဖြင့် တင်ပြလာသော ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ (Initial Environmental Examination- IEE)တွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာ ဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြား မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်လုပ်ငန်းစဉ်။** ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်အတွင်းရှိ နမ့်လိန်ချောင်းပေါ်တွင် ၁၀၀၀ ကီလိုဝပ် ထုတ်လုပ်နိုင်သော Run-of-river (ROR) အမျိုးအစား စီမံကိန်း၊ လျှပ်စစ်ထုတ်လုပ်နိုင်မှုစွမ်းအားမှာ ၇၀၀ မှ ၁၀၀၀ ကီလိုဝပ်ထိနှင့် တာဘိုင် ၃၅၀ ကီလိုဝပ် ၃ လုံး တပ်ဆင်ခြင်း၊ စီမံကိန်းအတွက် လိုအပ်သည့် အဆောက်အအုံများမှာ ရေလွှဲအဆောက်အအုံ၊ ရေယူအဆောက်အအုံ၊ ရေသွယ်မြောင်း၊ ရေဖြည့်ကန်၊ ဖိအားမြင့် ရေသွယ်ပိုက်၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် သီးခြားအဆောက်အအုံများစသည်တို့ လိုအပ်ပါသည်။ နမ့်လိန်ရေစီးအားမှာ အလွန်ကောင်းမွန်သည့်အတွက် ရေအားလျှပ်စစ်ထုတ်ယူရန် လိုအပ်သော ရေအားကို အကွာအဝေး(၁.၅)ကီလိုမီတာအတွင်းရရှိနိုင်ပြီး ပတ်ဝန်းကျင်အား ထိခိုက်မှု အနည်းဆုံးဖြစ်မည့် အနေအထားတွင် ရှိပါသည်။ ဝန်ထမ်းများအတွက် လိုအပ်သော သောက်သုံးရေနှင့် ချက်ပြုတ်ရေအား တွင်းရေမှ ရယူသုံးစွဲမည်ဖြစ်ပြီး လျှော်ဖွတ်ရေနှင့် ချိုးရေအား ချောင်းရေမှ အသုံးပြုခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးရေအား ချောင်းရေအရင်းအမြစ်မှ သုံးစွဲခြင်း၊ မီးဘေးအတွက် ရေအရင်းအမြစ်ကို ရေစုကန်အတွင်း၌ သိုလှောင်ထားရှိမည် ဖြစ်ပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** တစ်ဖက်ပါအတိုင်း လိုက်နာ ဆောင်ရွက်ရမည်-

(၁) ဆောက်လုပ်ရေးကာလတွင် လေထုညစ်ညမ်းမှုများ လျှော့ချနိုင်ရေးအတွက် အင်ဂျင်နှင့် မီးခိုးထွက်စနစ် ကောင်းမွန်သည့် ယာဉ်/စက်များ အသုံးပြုခြင်း၊ လုပ်ငန်းဆောင်ရွက်မည့် နေရာများအား ယာယီအုပ်ဆိုင်းခြင်း၊ ရေဖျန်းထားခြင်းနှင့် ယာဉ်များကို သတ်မှတ်နှုန်းထားအတိုင်း မောင်းနှင်စေခြင်း၊ မီးရှို့ရမည့်အစား မြေမြှုပ်ခြင်းသော်လည်းကောင်း၊ မီးရှို့မည်ဆိုလျှင် မီးလောင်လွယ်သော အကိုင်းအခက်များအား မီးရှို့၍ ကျန်သော ဝါးနှင့် အခြားတိုင်များအား အသုံးဝင်သော နေရာများတွင် ပြန်လည်အသုံးပြုခြင်းနှင့် စနစ်တကျလုပ်ကိုင်ခြင်းတို့ဖြင့် ထိခိုက်မှုများကို လျှော့ချနိုင်ရန်၊

(၂) စီမံကိန်းဖြိုဖျက်ရေးကာလတွင် အင်ဂျင်နှင့် မီးခိုးထွက်စနစ် ကောင်းမွန်သည့် ယာဉ်/စက်များအသုံးပြုခြင်း၊ လုပ်ငန်းဆောင်ရွက်မည့်နေရာများအား ယာယီအုပ်ဆိုင်းခြင်း၊ ယာဉ်များကို သတ်မှတ်နှုန်းအတိုင်းမောင်းနှင်စေခြင်းနှင့် စနစ်တကျလုပ်ကိုင်ခြင်းတို့ဖြင့် လေထုညစ်ညမ်းမှုများကို လျှော့ချနိုင်ရန်။

(ဃ) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကာလတွင် ဆူညံသံကာကွယ်ရေးပစ္စည်းကိရိယာများ အသုံးပြုစေခြင်းနှင့် ဆူညံသံလျော့သော ဂျင်နရေတာအမျိုးအစားအား အသုံးပြုရန်၊

(၂) ဆောက်လုပ်ရေးကာလတွင် ဆူညံသံနှင့် တုန်ခါမှုများ လျှော့ချနိုင်ရေးအတွက် ယာဉ်များအား ပုံမှန်ထိန်းသိမ်းပြုပြင်ခြင်း၊ ညဘက်တွင် လုပ်ငန်းကြီးများအား ရပ်ဆိုင်းထားခြင်း၊ စက်ပစ္စည်းများပြန်လည်သယ်ဆောင်ခြင်း၊ စက်ယန္တရားများ သွားလာခြင်း၊ အဆောက်အဦဖြိုဖျက်သည့် လုပ်ငန်းများ၊ မီးစက်အသုံးပြုခြင်းတို့ကြောင့် ဆူညံသံလျှော့ချရေး ပစ္စည်းကိရိယာများနှင့် ကောင်းမွန်သော စက်များအား အသုံးပြုဆောင်ရွက်ရန်။

(င) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြေသားလုပ်ငန်းများကြောင့် မြစ်ရေနှင့် ချောင်းရေများ ထိခိုက်မှုများလျှော့ချနိုင်ရေးအတွက် ကာကွယ်ရေးပစ္စည်းကိရိယာများ (တာပေါ်လင်၊ဝါးကပ်)အား မြေသားလုပ်ငန်းတစ်လျှောက် စနစ်တကျတပ်ဆင်အသုံးပြုရန်၊

(၂) ဆောက်လုပ်ရေးကာလတွင် သဲနှင့်ကျောက်ထုတ်လုပ်ငန်းအား ချောင်းမပျက်စီးစေရန်နှင့် စားကျက်များ ထိန်းသိမ်းနိုင်ရေးအတွက် စနစ်တကျ ထုတ်ယူရန်၊

(၃) စက်ဆီဖြည့်ရာနှင့် သိုလှောင်ရာတွင် သံကန်အောက်ခံများ စနစ်တကျ အသုံးပြုရန်၊

(၄) လုပ်ငန်းလည်ပတ်နေသည့်ကာလတွင် အနည်ကျသဲအား စနစ်တကျ စွန့်ပစ်၍ ချောင်းပိတ်မှုမဖြစ်စေရေးအတွက် ဂရုပြုခြင်း၊ ချောင်း၏ ရှိသင့်သည့် ရေပမာဏ အား ထားရှိခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းမှ ထွက်လာနိုင်သည့် ရေဆိုး များအား ဆီနှင့် ရေခွဲခြားသည့်စနစ်အား အသုံးပြုပြီးမှ စနစ်တကျ စွန့်ထုတ်ရန်၊

(၅) မြေပြိုနိုင်ခြေရှိသည့် နေရာများတွင် မြေထိန်းနံရံများတည်ဆောက်သွားရန်နှင့် သစ်ပင်များ ပြန်လည်စိုက်ပျိုးသွားရန်။

(စ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဂေဟစနစ်နှင့် သက်ရှိမျိုးစုံမျိုးကွဲထိခိုက်မှုများကို လျှော့ချနိုင်ရေးအတွက် ရေအမြင့်မြှင့်ရာတွင် ချောင်းတွင် ရေပြတ်မှုမရှိစေရန် ဂရုပြုဆောင်ရွက်ရန်၊

(၂) ပုံမှန်ရေကျော်မှ ရေများမပြတ်လွှတ်ထားပေးရန်၊

(၃) သဲကျောက်ထုတ်ယူရာတွင်လည်း ချောင်း၏လမ်းကြောင်းပြောင်းလဲမှု မရှိစေဘဲ လိုအပ်သော ပမာဏထက် ပိုထုတ်ခြင်းနှင့် နေရာတစ်နေရာတွင်သာ ကွက်ထုတ်ခြင်းအား ရှောင်ရှားခြင်းများ စနစ်တကျ ဆောင်ရွက်ရန်။

(ဆ) **လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** အောက်ပါ အတိုင်း လိုက်နာ ဆောင်ရွက်ရမည် -

(၁) လူမှုပတ်ဝန်းကျင်အပေါ် သက်ရောက်မှုနှင့် လုပ်ငန်းခွင်အန္တရာယ်များကို လျှော့ချနိုင်ရေးအတွက် ကာကွယ်ရေးပစ္စည်းကိရိယာများ တပ်ဆင် အသုံးပြုရန်၊

(၂) လုပ်ငန်းခွင်ရှိ ဝန်ထမ်းများအား မီးဘေးနှင့် ရှေးဦးသူနာပြုစုရေး ပညာပေး သင်တန်းများ လေ့ကျင့်သင်ကြားပေးရန်၊

(၃) စက်ရုံဝန်ထမ်းများအား စက်ပစ္စည်းကိုင်တွယ်ပုံအဆင့်ဆင့်နှင့်ပတ်သက်၍ စနစ်တကျ သင်ကြားပြသခြင်း၊ သင်တန်းပေးခြင်း၊ သတိပေးဆိုင်းဘုတ်များ တပ်ဆင်ခြင်း၊ စက်များကို ကာရံထားခြင်း၊ ထိခိုက်မှုဖြစ်စေတတ်သော စက်ပစ္စည်းများအား သင့်တော်သော လုပ်ငန်းခွင်သုံးအကာအကွယ်များဖြင့် သုံးစွဲစေခြင်း၊ လုပ်ငန်းခွင်မဝင်ခင် ကျွမ်းကျင်မှုရှိစေရေးအတွက် သင်တန်းပေး ခြင်းနှင့် ကျန်းမာရေးပညာပေးခြင်းတို့ကို စနစ်တကျလုပ်ဆောင်သွားရန်၊

(၄) လုပ်ငန်းခွင်အတွင်းရှိ အလုပ်သမားများအား လုံခြုံရေးဖိနပ်များ၊ ဦးထုပ်များ၊ နားအကာများနှင့် PPE ဝတ်စုံများ ထောက်ပံ့ရန်။

(ဇ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ်။** တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

ပြည်ထောင်စု ဝန်ကြီးရုံး

(၁) လုပ်ငန်းခွင်ရှိ စွန့်ပစ်အမှိုက်များကို သတ်မှတ်ထားသော အမှိုက်ပုံးနေရာများသို့ စနစ်တကျ ခွဲခြားစွန့်ပစ်ရန်၊

(၂) စွန့်ပစ်ပစ္စည်းများကို စနစ်တကျစွန့်ပစ်နိုင်ရေးအတွက် သင့်တော်သော စီမံအုပ်ချုပ်မှု ရေးဆွဲထားရှိရန်၊

(၃) စွန့်ပစ်ပစ္စည်း(အဟောင်း/အပိုင်းအစ)များကို ဝယ်ယူသူများနှင့် ချိတ်ဆက်၍ အသုံးပြုရသည်များအား ပြန်လည်အသုံးပြုရန်၊

(၄) မိလ္လာအား စနစ်တကျအသုံးပြု၍ ပုံမှန်စုပ်ထုတ်ခြင်းများ ပြုလုပ်ဆောင်ရွက်သွားရန်၊

(၅) စီမံကိန်းလည်ပတ်ရေးကာလရှိ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် တာဘိုင် ၃ လုံး လည်ပတ်ခြင်း၊ အရေးပေါ် မီးစက်လည်ပတ်ခြင်း၊ စက်ယန္တရားများ ထိန်းသိမ်းခြင်းမှ ထွက်ရှိလာသော အမှိုက်များ၊ ဘေးအန္တရာယ်မရှိသော စွန့်ပစ်ပစ္စည်းများ၊ ဆီသိုလှောင်ခြင်း/ဖြည့်ခြင်း/သယ်ဆောင်ခြင်း လုပ်ငန်းများ၊ ယာဉ်များ သွားလာခြင်း၊ မြစ်ချောင်းမှ နုန်းအနည်အနှစ်များ ဖယ်ထုတ်ခြင်း၊ ရေစီးကြောင်းလွှဲခြင်းစသော လုပ်ငန်းများအတွက် ၎င်းစီမံခန့်ခွဲမှုအစီအစဉ်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊

(၆) စီမံကိန်းပိတ်သိမ်းခြင်းကာလရှိ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် အဆောက်အအုံများဖျက်သိမ်းခြင်း၊ ဖြိုဖျက်ထားသည့် အပိုင်းအစ/ပစ္စည်းများကို သယ်ဆောင်ခြင်းနှင့် စွန့်ပစ်ခြင်း၊ အလုပ်သမားအခြေစိုက်စခန်းမှထွက်ရှိသော စွန့်ပစ်ပစ္စည်းများ၊ စက်ယန္တရားများ စနစ်တကျဖျက်သိမ်းခြင်း၊ အလုပ်သမားနှင့် ဝန်ထမ်းများ ထိခိုက်အနာတရဖြစ်ခြင်း/ သေဆုံးခြင်းစသော လုပ်ငန်းများအတွက် ၎င်းစီမံခန့်ခွဲမှုအစီအစဉ်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(ဈ) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းဆောင်ရွက်စဉ်ကာလအတွင်း လေထုအရည်အသွေးအား လေးလ တစ်ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၂) တာဘိုင်လည်ပတ်စဉ်ကာလအတွင်း လေထုအရည်အသွေးအား ခြောက်လ တစ်ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၃) လုပ်ငန်းဆောင်ရွက်စဉ်ကာလအတွင်း ဆူညံသံနှင့်ရေထုအရည်အသွေးအား တစ်နှစ်တစ်ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၄) စီမံကိန်းတည်ဆောက်စဉ်ကာလအတွင်း ရေထုအရည်အသွေးအား ခြောက်လ တစ်ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၅) လုပ်ငန်းဆောင်ရွက်စဉ်ကာလအတွင်း မြေအရည်အသွေးအား မြေသားခံနိုင်ရည် အနည်းဆုံးတစ်ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၆) စီမံကိန်းပိတ်သိမ်းမည့်ကာလတွင် ဆူညံသံနှင့် လေထုအရည်အသွေးအား တစ်နှစ်တစ်ကြိမ် တိုင်းတာစစ်ဆေးရန်။

(ည) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်နှင့် လုပ်ငန်းပိတ်သိမ်းခြင်းအစီအစဉ်အတွက် တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းတို့အား အစီရင်ခံစာ၌ ဖော်ပြထားသည့် အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဋ) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းကို စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေစဉ်အတွင်း စီမံကိန်းအနီးဝန်းကျင်ရှိ ဒေသခံများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ ဆန္ဒနှင့် သဘောထား များကို ညှိနှိုင်းဆောင်ရွက်ရမည်။

(ဌ) **လျာထားအသုံးစရိတ်။** ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာတွင် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါ ကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့်လိုလောက်မှုမရှိပါက ထပ်မံဖြည့်တင်း ဆောင်ရွက်ရမည်-

(၁) စီမံကိန်းဆောက်လုပ်ရေးအဆင့်တွင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် ကျပ်သိန်း(၄,၃၀၀) လျာထားသုံးစွဲရန်၊

(၂) လုပ်ငန်းလည်ပတ်မှုအဆင့်တွင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် ကျပ်သိန်း(၁,၄၅၀) လျာထားသုံးစွဲရန်၊

(၃) စီမံကိန်းဖျက်သိမ်းခြင်းအဆင့်တွင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် ကျပ်သိန်း(၁,၀၀၀) လျာထားသုံးစွဲရန်၊

(၄) စီမံကိန်းဆောက်လုပ်ရေးအဆင့်တွင် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်အတွက် လေအရည်အသွေးအား ကျပ်သိန်း(၂၀၀)၊ ဆူညံသံနှင့် တုန်ခါမှုအတွက် ကျပ် သိန်း(၃၀၀)နှင့် ရေအရည်အသွေးအတွက် ကျပ်သိန်း(၃၀၀) လျာထားသုံးစွဲရန်၊

(၅) လုပ်ငန်းလည်ပတ်မှုအဆင့်တွင် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်အတွက် လေအရည်အသွေးအားကျပ်သိန်း(၂၀၀)၊ ဆူညံသံနှင့်တုန်ခါမှုအတွက် ကျပ်သိန်း (၃၀၀)၊ ရေအရည်အသွေးအတွက် ကျပ်သိန်း(၂၀၀)နှင့် Tail Water အတွက် ကျပ်သိန်း(၂၀၀) လျာထားသုံးစွဲရန်၊

(၆) စီမံကိန်းဖျက်သိမ်းခြင်းအဆင့်တွင် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်အတွက် လေအရည်အသွေးအား ကျပ်သိန်း(၄၀၀)နှင့် ဆူညံသံနှင့်တုန်ခါမှုအတွက် ကျပ်သိန်း(၃၀၀) လျာထားသုံးစွဲရန်။

(ဍ) **နစ်နာမှုများအတွက် တိုင်ကြားခြင်းဆိုင်ရာ ဖြေရှင်းပေးခြင်းအစီအစဉ်။** နစ်နာမှုများအတွက် တိုင်ကြားခြင်းဆိုင်ရာ ဖြေရှင်းပေးခြင်းနှင့်စပ်လျဉ်း၍ ကတိကဝတ်တွင် ဖော်ပြချက်နှင့်အညီ ဆောင်ရွက်သွားရမည်။

(ဎ) **မြင်ကွင်းပသာဒဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်။** စီမံကိန်းကြောင့် မြင်ကွင်းပသာဒ အပေါ် ထိခိုက်မှုလျော့ပါးစေရေးဆောင်ရွက်မည့် အစီအစဉ်နှင့်စပ်လျဉ်း၍ အပင်များကို ခုတ်ထွင်ရှင်းလင်းရာ၌ ရှင်းလင်းခံရသော အပင်များအတွက် အစားထိုးအပင်များ ပြန်လည်စိုက်ပျိုးပေးခြင်းတို့ကို ဆောင်ရွက်ရမည်။

**ပတ်ဝန်းကျင်နှင့် လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ်(၆)တွင် ဖော်ပြထားသော ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်းအစီရင်ခံစာအရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက် ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှု ဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀) မြန်မာနိုင်ငံအမျိုးသားအဆင့်စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်(၂၀၁၈-၂၀၃၀)တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်ကို ခြိမ်းခြောက်နေသည့် ပြုမူ လုပ်ဆောင်ချက်များကို ရှောင်ရှားခြင်း၊ တားမြစ်ခြင်းနှင့် ထိန်းချုပ်ခြင်းဖြင့် ပတ်ဝန်းကျင်ပျက်စီးမှုများမဖြစ်စေဘဲ ကာကွယ်တားဆီးရန် သို့မဟုတ် အနည်းဆုံး ဖြစ်စေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်၊

(၂) ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် ရေရှည်တည်တံ့သော သဘာဝသယံဇာတ စီမံအုပ်ချုပ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲ များနှင့် သဘာဝဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပြန်လည်ပြုစု ပျိုးထောင်ခြင်းတို့ကို မြှင့်တင်ဆောင်ရွက်ရန်၊

(၃) လတ်တလောနှင့် ရေရှည်တွင် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများမှ ကြိုတင်ကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးတို့ကို ခိုင်မာအားကောင်းစေမည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိရန်၊

(၄) ရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ရန်နှင့် ပြန်လည်ထူထောင်လာနိုင်စေရန် အရင်းအမြစ်များစုစည်းခြင်းနှင့်ခွဲဝေသုံးစွဲခြင်းတို့ဖြင့် ဘဏ္ဍာရေးလုပ်ငန်းလည်ပတ်မှုကို မြှင့်တင်ပေးနိုင်ရေးအတွက် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ရန်၊

(၅) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်-

(ကက) စီမံကိန်းမှထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများ၊ ဓာတုစွန့်ပစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းများမှထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ရန်နှင့် လေဟာပြင်မီးရှို့မှုပပျောက်ရေးဆောင်ရွက်ရန်၊

(ခခ) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(ဂဂ) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိ ဆောင်ရွက်ရန်၊

(ဃဃ) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင် ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(ငင) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိ ဆောင်ရွက်ရန်၊

(စစ) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့် ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုမရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(ဆဆ) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်း ရေဆိုးများနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက် နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းမှ ဆူညံသံသက်ရောက်မှုသည် ဆူညံမှုအဆင့်သတ်မှတ်ချက်များအား ကျော်လွန်ခြင်း (သို့မဟုတ်)စီမံကိန်းလုပ်ငန်း၏ အပြင်နေရာတွင်ရှိသော အနီးဆုံး လက်ခံရရှိမည့်နေရာတွင် နောက်ခံဆူညံမှုအဆင့်သတ်မှတ်ချက် ၃ dBA ထက် ကျော်လွန်ခြင်းမရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(၃) စွန့်ထုတ်အရည်အသွေးနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည် အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်အပိုဒ် ၁.၁ နှင့် ၁.၂ ပါ Parameterများ တိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်၊

(၄) လျှပ်စစ်ကဏ္ဍနှင့် အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေ၊ စံနှင့် သတ်မှတ်ချက်များ ကို လိုက်နာဆောင်ရွက်ရန်၊

(၅) စီမံကိန်းနှင့် ဆက်စပ်အခြေခံအဆောက်အဦများဖြစ်သော ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်လည်ပတ်ခြင်းအား အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ Environmental Health and Safety Guidelines for Electric Power Transmission and Distribution (2007) အတိုင်း လိုက်နာဆောင်ရွက်ရန်၊

(၆) အဆိုပြု ရေအားလျှပ်စစ်တည်ဆောက်ခြင်း၊ လည်ပတ်ခြင်းနှင့် ဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သော တည်ဆဲပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနှင့် နည်းဥပဒေများ၊ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များ၊ အမျိုးသားနှင့် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် လမ်းညွှန်ချက်များ အားလုံးကို လိုက်နာဆောင်ရွက်ရန်၊

(၇) Environmental Flow Assesement ပြုလုပ်ချက်ရလဒ်ကို အခြေခံ၍ ချီဖွေမြစ်၏ အနည်းဆုံးရေစီးဆင်းမှုလိုအပ်ချက်ပမာဏကို ဆည်မှထုတ်လွှတ် ပေးရန်၊

(၈) တမံတည်ဆောက်ရာတွင် မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ မှ ထုတ်ပြန်ထားသော နည်းပညာဆိုင်ရာလမ်းညွှန်ချက်များ၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော မြန်မာ့ရေအားလျှပ်စစ်နည်းပညာဆိုင်ရာ

စံသတ်မှတ်ချက်နှင့် ကမ္ဘာ့ဘဏ်၏ လုပ်ငန်းလည်ပတ်မှုမူဝါဒ (World Bank Operational Policy- Od/Gp 4.37) တို့ကို တိကျစွာ လိုက်နာဆောင်ရွက်ရန်။

(ဂ) **ရေရှည်တည်တံ့စေသော ထုတ်လုပ်မှုနှင့်သုံးစွဲမှုဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည်စီမံကိန်းတွင် ကုန်ကြမ်းပစ္စည်းများ၊ စွမ်းအင်နှင့်ရေတို့ကို ထိရောက်အကျိုးရှိစွာသုံးစွဲကြောင်းသေချာစေရန် သင့်လျော်သောနည်းလမ်းများကို ဆောင်ရွက်ရမည်။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများတွင် အသုံးပြုသည့် ကုန်ကြမ်းပစ္စည်းများနှင့် သုံးစွဲမည့်ရေပမာဏတို့ကို မှတ်တမ်းတင်ထားရမည်ဖြစ်ပြီး၊ ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုများကိုလျှော့ချနိုင်မည့် သို့မဟုတ် ကုန်ကြမ်းပစ္စည်းနှင့် သုံးစွဲရေတို့ကို ပိုမိုထိရောက် အကျိုးရှိစွာအသုံးပြုနိုင်မည့် သင့်လျော်သောအစားထိုးပစ္စည်းများ ရရှိနိုင်ခြင်း ရှိ/မရှိကို အနည်းဆုံး (၃)နှစ် တစ်ကြိမ် ဆန်းစစ်သုံးသပ်၍ မှတ်တမ်းတင်ထားရမည်။ စီမံကိန်းအဆိုပြုသူသည် ထိုသို့သောဆန်းစစ်သုံးသပ်ချက်များမှ သင့်လျော်သည်ဟု သတ်မှတ်ဖော်ထုတ်ထားသော နည်းလမ်းများကို လက်တွေ့အသုံးချနိုင်ရန် ဆက်လက်ဆောင်ရွက်ရမည်။

(ဃ) **ကုန်ကြမ်းပစ္စည်းများဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် ကုန်ကြမ်းပစ္စည်းများအား ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာတွင် ဖော်ပြထားသောရင်းမြစ်များမှမဟုတ်ဘဲ အခြားနေရာများမှ ဝယ်ယူအသုံးပြုလျှင် သော်လည်းကောင်း၊ အရည်အသွေးမတူသော အခြားအမျိုးအစားအား ပြောင်းလဲအသုံးပြုလျှင်သော်လည်းကောင်း သက်ဆိုင်ရာအထောက်အထားစာရွက်စာတမ်းများနှင့်အတူ ဝန်ကြီးဌာနထံသို့ သီးခြားအစီရင်ခံစာဖြင့် တင်ပြရမည်။

(င) **လေအရည်အသွေးဆိုင်ရာစည်းကမ်းချက်များ။** တည်ဆောက်ရေးကာလစီမံကိန်းတွင် သွယ်ယူရေးလိုင်း/တာဝါတစ်ခုချင်းအကြား အသုံးပြုမည့်လမ်းကြောင်း (Right of Way) များဖောက်လုပ်ခြင်း၊ ချဉ်းကပ်လမ်းများဖောက်လုပ်ခြင်း၊ မြေယာရှင်းလင်းခြင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ အသုံးပြုခြင်းတို့ကြောင့် ထွက်ရှိမည့် ဖုန်မှုန့်များကြောင့် လေထုအရည်အသွေးညစ်ညမ်းမှုမဖြစ်စေရေး အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၁.၁ ပါ လမ်းညွှန်တန်ဖိုးများနှင့်အညီ Parameter များတိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှလွှတ်ထုတ်ရမည်။

(စ) **ရေအသုံးပြုမှုနှင့် စွန့်ပစ်ရေဆိုင်ရာ စည်းကမ်းချက်များ။** တည်ဆောက်ရေးကာလနှင့် လုပ်ငန်းလည်ပတ်သည့်ကာလအတွင်းထွက်ရှိမည့် စွန့်ပစ်ရေများအား အမျိုးသား

ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်အပိုဒ် ၂.၁.၁၀ ပါ Parameter များတိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရမည်။

(ဆ) **ဆူညံသံနှင့်တုန်ခါမှုဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းတည်ဆောက်လည်ပတ်ရာမှထွက်ရှိလာသော ဆူညံသံများကို ကောင်းမွန်စွာ ထိန်းချုပ်ထားရှိသည့် နည်းလမ်းများကို ဆောင်ရွက်ရမည်ဖြစ်ပြီး ဆူညံသံမြင့်မားသော လုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်လျက်ရှိကြသည့် အလုပ်သမားများအတွက် လိုအပ်သည့်တစ်ကိုယ်ရည်သုံးကာကွယ်ပစ္စည်းများဖြစ်သည့် နားကြပ်များ၊ နားအုပ်များကို လုံလောက်စွာထားရှိရမည်။

(ဇ) **လျှပ်စစ်ဓာတ်အန္တရာယ်များဆိုင်ရာ စည်းကမ်းချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လျှပ်စစ်၊ သံလိုက်နှင့် လျှပ်စစ်သံလိုက်စက်ကွင်းတို့အား အများပြည်သူထိတွေ့ခံရမှုနှင့်ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များပါ (၂.၁.၁၀) လျှပ်စစ်ဓာတ်အားထုတ်လွှတ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်း (Electric Power Transmission and Distribution) နှင့်အညီ ဆောင်ရွက်သွားရန်၊

(၂) လျှပ်စစ်၊ သံလိုက်နှင့် လျှပ်စစ်သံလိုက်စက်ကွင်းတို့သည် သတ်မှတ်ထားသည့် ပမာဏထက်ကျော်လွန်နေပါက Engineering techniques များသုံး၍ လျှော့ချသွားမည့်အစီအစဉ်နှင့် လျှပ်စစ်ဓာတ်အားလိုင်းတစ်လျှောက်ရှိ အနီးဆုံးထိခိုက်ခံစားရနိုင်သူများ(Closet Receptor)ကို ကိုယ်စားပြုနိုင်မည့် နေရာများတွင် EMF Exposure Monitoring ကို ၆ လ (၁)ကြိမ် ဆောင်ရွက်ရန်၊

(၃) လျှပ်စစ်၊ သံလိုက်နှင့် လျှပ်စစ်သံလိုက်စက်ကွင်းတို့အား အများပြည်သူထိတွေ့ခံစားရမှုလျော့နည်းစေရန် Power Transmission Facilities များကို Human Occupancy မြင့်မားသောနေရာများ (ဥပမာ-ကျောင်းများ၊ ဆေးရုံများ)အား ရှောင်ရှား၍ တည်ဆောက်ရန်။

(ဈ) **အန္တရာယ်ရှိပစ္စည်းများနှင့် အန္တရာယ်ရှိ အစိုင်အခဲစွန့်ပစ်ပစ္စည်းများဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းမှထွက်ရှိမည့် ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများ PCB (Polychlorinated Biphenyl), SF6 (Sulfur hexafluoride)နှင့် ထရမ်စဖော်မာဆီစသည်တို့အား သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း ၊ စုပုံခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ IFC: Guidance Note 4: Community Health, Safety and Security ၊ IFC: Environmental Health Safety (EHS) Guidelines-General EHS Guidelines ၊ IFC: Environmental, Health ,Safety Guideline "1.5 Hazardous Material Management", UNEP:2002 "PCB Transformers and Capacitors From Management to Reclassification and Disposal နှင့် မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ်

လက်မှတ်ရေးထိုးထားသည့် Basel Convention ပါဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများအား စနစ်တကျစီမံခန့်ခွဲရမည့်အစီအစဉ်များနှင့်အညီ ဆောင်ရွက်ရမည်။

(ည) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းချက်များ။** အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) တရားမဝင်တောခုတ်ခြင်း၊ တောမီးရှို့ခြင်း၊ စည်းကမ်းမဲ့ခုတ်လှဲခြင်း၊ တောရိုင်းတိရစ္ဆာန်များအား အမဲလိုက်ခြင်းမှ တားမြစ်ခြင်းအတွက် သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲကာကွယ်ရေးဆိုင်ရာ သတိပေးဆိုင်းဘုတ်များစိုက်ထူခြင်းနှင့် စီမံကိန်းအလုပ်သမားများအား အသိပညာပေးခြင်းများ ဆောင်ရွက်ရန်၊

(၂) လျှပ်စစ်ဓာတ်အားလိုင်းတည်ဆောက်ခြင်းကြောင့် သစ်ပင်များခုတ်ထွင်ရှင်းလင်းခြင်းနှင့်ပတ်သက်၍ အပင်ပြန်လည်စိုက်ပျိုးပေးခြင်းနှင့် လျော်ကြေးပေးချေခြင်းများကို သစ်တောဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်ရန်၊

(၃) ရေနေသတ္တဝါများ(အထူးသဖြင့် ငါးများ)အပေါ် ထိခိုက်မှုရှိ/မရှိကို ရေနေသတ္တဝါ၏ မျိုးစိတ်များ(Species Diversity)နှင့် အကောင်အရေအတွက်(Population)တို့ လျော့နည်းသွားခြင်း ရှိ/မရှိ၊ မျိုးစိတ်အသစ်များဝင်ရောက်လာခြင်း ရှိ/မရှိကို စဉ်ဆက်မပြတ်စောင့်ကြပ်ကြည့်ရှုခြင်း (Continuous Monitoring)ကို ဆောင်ရွက်ရန်နှင့် Monitoring Report တွင် ထည့်သွင်းဖော်ပြရန်၊

(၄) စီမံကိန်းတွင် ရှင်းလင်းခဲ့သော Vegetation Cover 12.2 Square Hectometer အတွက် ၎င်းဧရိယာထက်မနည်းသော ဧရိယာတွင် အပင်ပြန်လည်အစားထိုးစိုက်ပျိုးပေးရန်။

(ဋ) **ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးဆိုင်ရာ စည်းကမ်းချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်၊ ဝန်ထမ်းများ၏ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ဆောင်ရွက်ရန်၊

(၃) ဘေးအန္တရာယ်ရှိသည့် လုပ်ငန်းဆောင်ရွက်သည့်အချိန်တွင် လုပ်သားများ ထိခိုက်မှုမရှိစေရေး (Personal Protective Equipment – PPE) ထောက်ပံ့ပေးရန်၊

(၄) လျှပ်စစ်ဓာတ်အားလိုင်းတည်ဆောက်ဖြန့်ဖြူးခြင်းကြောင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ရှိနိုင်မှုများ (ဥပမာ- Live Power Lines ၊ Working at height ၊ Electric and Magnetic Fields ၊ Exposure to Chemicals)များနှင့် ပတ်သက်၍ IFC: Environmental, Health, and Safety Guidelines for Electric Power Transmission and Distribution Guideline နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် ဝန်ထမ်းများအား ပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ပုံမှန်သင်တန်းများ ဆောင်ရွက်သွားရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် ဆည်၏ဒီဇိုင်းပုံစံရေးဆွဲခြင်း၊ တည်ဆောက်ခြင်းနှင့် တည်ဆောက်ပြီးဆည်အား ထိန်းသိမ်းပြုပြင်ရေးများ ဆောင်ရွက်ခြင်းနှင့် လုပ်ငန်းလည်ပတ်၍ လျှပ်စစ်ထုတ်လုပ်ခြင်းကို ဆည် (ရေလှောင်ကန်) ဘေးကင်းလုံခြုံစိတ်ချစေရေး (Dam Safety) ကိုသေချာစေလျက်ဆောင်ရွက်ရန်၊

(၇) ရွှေ့ပြောင်းလုပ်သားများ လာရောက်အလုပ်လုပ်ကိုင်မှုကြောင့် သက်ရောက်မှုရှိနိုင်သော ကျန်းမာရေးပြဿနာများ (အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၊ အမျိုးသမီးနှင့် ကလေးငယ်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်ချက်များ၊ အလုပ်သမားများအတွက် ကိုဗစ်ရောဂါကာကွယ်ဆေးထိုးနှံပေးနိုင်ရန်လိုအပ်ချက်များ၊ ရေနှင့်နီးနွယ်ပတ်သက်သော ဝမ်းပျက်ဝမ်းလျှော၊ ငှက်ဖျား၊ သွေးလွန်တုပ်ကွေး၊ အရေပြားရောဂါ အစရှိသော ကျန်းမာရေးပြဿနာများအား စီမံကိန်းဧရိယာရှိ ကျေးလက်ကျန်းမာရေးဌာနရှိ အချက်အလက်များမှ ထုတ်နုတ်ကာ ဆန်းစစ်ဖော်ထုတ်၍ အလုပ်သမားများအား ပုံမှန်ကျန်းမာရေးစောင့်ရှောက်မှုအစီအမံများ ဆောင်ရွက်သွားရန်။

(ဠ) **အရေးပေါ်ဘေးအန္တရာယ်တုန့်ပြန်မှုဆိုင်ရာ စည်းကမ်းချက်များ။** အထူးသဖြင့် ပူပြင်း၍ ခြောက်သွေ့သော နွေရာသီကာလများတွင် မီးအန္တရာယ်ဖြစ်ပွားမှုမှကာကွယ်နိုင်ရန်အတွက် လုံလောက်သော မီးဘေးအန္တရာယ်လုံခြုံမှုလုပ်ငန်းများအား ဆောင်ရွက်ထားရှိရမည်။

(ဍ) ပြုပြင်ထိန်းသိမ်းခြင်းနှင့် စစ်ဆေးမှုခံယူခြင်းဆိုင်ရာ စည်းကမ်းချက်များ။ စီမံကိန်း တွင် အသုံးပြုလျက်ရှိသည့် တာဝါတိုင်များအား ပုံမှန်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် နှစ်စဉ်အရည်အသွေးစစ်ဆေးရေးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

(ဎ) ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းရေးဆိုင်ရာ စည်းကမ်းချက်များ။ စီမံကိန်း အဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) အကြိုတည်ဆောက်ရေးလုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်း များနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိ ပေးရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှုလမ်းကြောင်းများ၊ ယာဉ် သွားလာမှုကြောင့် ဖြစ်နိုင်သောအနှောက်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှု အပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိ ပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှု ဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင် အထည်ဖော်ဆောင်ရွက်သွားရန်၊

(၄) စီမံကိန်းအဆိုပြုသူသည် "ဒေသခံများနှင့်ညှိနှိုင်းဆွေးနွေးခြင်းစီမံချက်" (Community Engagement Plan) အား စီမံကိန်းစတင်လည်ပတ်သည့် အချိန်မှ လက်ရှိအချိန်အထိ ဆောင်ရွက်ထားရှိမှုအခြေအနေများ (ဥပမာ- လက်ရှိ တွင် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ တိုင်ကြားချက်ရရှိမှုများ၊ ၎င်းတိုင်ကြားချက်များကို ဖြေရှင်းထားရှိမှုအခြေအနေများ အစရှိသည်ဖြင့်) အား ဝန်ကြီးဌာနသို့ (၆)လအတွင်း သီးခြားအစီရင်ခံတင်ပြရန်၊

(၅) စီမံကိန်းသက်တမ်းတစ်လျှောက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများတွင် အများပြည်သူ လျှပ်စစ်ဘေးအန္တရာယ်ကာကွယ်ရေးအတွက် ဆိုင်းဘုတ်များ၊ ဓာတ်အားလိုင်းနှင့်ဓာတ်အားခွဲရုံများရှိ အန္တရာယ်ရှိပစ္စည်းများနှင့်အလွယ်တကူ မထိတွေ့နိုင်စေရန် အတားအဆီးများ၊ လျှပ်ကာပစ္စည်းများထားရှိခြင်း၊ အများ ပြည်သူအား လျှပ်စစ်ဘေးအန္တရာယ်ဆိုင်ရာအသိပညာမြှင့်တင်ပေးခြင်း သင်တန်း များပို့ချခြင်းများ ဆောင်ရွက်ရန်နှင့် ဆောင်ရွက်မှုမှတ်တမ်း၏ Monitoring Report တွင် ထည့်သွင်းဖော်ပြရန်၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများအား ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရန်နှင့် ဆောင်ရွက်မှု မှတ်တမ်းများ အား Monitoring Report တွင် ထည့်သွင်းဖော်ပြရန်၊

(၆) မြေယာရယူခြင်း၊ မြေယာလျော်ကြေးပေးချေခြင်း၊ သီးနှံနှင့်သစ်ပင်လျော်ကြေးပေးချေခြင်းများနှင့် အသက်မွေးဝမ်းကြောင်း ပြန်လည်တူထောင်ရေးလုပ်ငန်းများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ဆက်စပ်ဌာနများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ အခြားဆက်စပ်ပတ်သက်သူများပါဝင်သော ကော်မတီဖွဲ့စည်းကာဒေသခံများနှင့် ညှိနှိုင်းသဘောတူညီချက်များရယူ၍ သက်ဆိုင်ရာဝန်ကြီးဌာနများက ထုတ်ပြန်ထားသော လုပ်ထုံးလုပ်နည်းများ၊ အပြည်ပြည်ဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့်အညီ ဆောင်ရွက်ရန်၊

(၇) စီမံကိန်း၏ မြေရယူခြင်းကြောင့် ဒေသခံများနှင့်အငြင်းပွားမှု၊ မကျေနပ်ချက်များ ဖြစ်ပေါ်ခြင်းမရှိစေရေး ညှိနှိုင်းဆောင်ရွက်ရန်နှင့် မြေယာလျော်ကြေးပေးချေရာတွင် ကာလပေါ်ပေါက်ဈေးပေးလျော်ခြင်းသာမက အပြည်ပြည်ဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့်အညီ Transition Allowance ၊ Mixing Allowance နှင့် Disturbance Allowance စသည်တို့ကိုလည်း ထည့်သွင်းစဉ်းစားပေးချေရန်။

(ဏ) **လုပ်ငန်းပိတ်သိမ်းခြင်းဆိုင်ရာ စည်းကမ်းချက်များ။** လုပ်ငန်းပိတ်သိမ်းခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းပိတ်သိမ်းခြင်းလုပ်ငန်းများကို အစီရင်ခံစာတွင် ဖော်ပြထားသည့်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအတိုင်း လုပ်ငန်းစတင်ဆောင်ရွက်စဉ်ကပင်ကြိုတင်စီစဉ်ထားရှိ လိုက်နာဆောင်ရွက်ရန်နှင့် အပြီးသတ်ပိတ်သိမ်းခြင်း အစီအစဉ်ကို လုပ်ငန်းမပိတ်သိမ်းမီ (၁)နှစ် ကြိုတင်တင်ပြရန်၊

(၂) စီမံကိန်းကြောင့် ပျက်စီးသွားသည့် နေရာများတွင် ဒေသနှင့်ကိုက်ညီသည့်သစ်ပင်များပြန်လည်စိုက်ပျိုးရန်နှင့် ရှင်သန်ကြီးထွားသည်အထိ အစီရင်ခံစာ၌ဖော်ပြထားသည့် ကတိကဝတ်အတိုင်း တာဝန်ယူကြီးကြပ်ဆောင်ရွက်ရန်၊

(၃) လုပ်ငန်းဆောင်ရွက်စဉ် သစ်ပင်များခုတ်ထွင်းရှင်းလင်းထားသည့်နေရာများအားသက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၏လမ်းညွှန်ချက်နှင့်အညီ မြေညှိခြင်း၊ မြေပြုပြင်ခြင်း၊ အပေါ်ယံမြေဆီလွှာများဖုံးအုပ်ခြင်း၊ ဒေသနှင့်ကိုက်ညီသော နှစ်ရှည်ပင်များကို သစ်တောဦးစီးဌာနမှ သတ်မှတ်ထားသည်နှင့်အညီ စိုက်ပျိုးခြင်းနှင့်အပင်များရှင်သန်ကြီးထွားသည်အထိ တာဝန်ယူဆောင်ရွက်ရန်၊

(၄) စီမံကိန်းလည်ပတ်သည့်ကာလ မကုန်ဆုံးမီ စီမံကိန်းပိုင်ရှင်သည် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်ပင်ဆွေးနွေး၍ စီမံကိန်းဖျက်သိမ်းမည့်ကာလတွင်ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးဆောင်ရွက်မည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီ

အစဉ် (Decommissioning Phase EMP) ကိုရေးဆွဲကာ တင်ပြအတည်ပြု ချက်ရယူရန်။

(တ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါကိစ္စရပ်များဖြစ်ပွားပါက ဝန်ကြီးဌာန သို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များမှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီး ခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော (သို့မဟုတ်) ဖြစ်ပေါ်နေစေ သော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခုဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှုကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထု တစ်ခုထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကိုကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့်သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များပျက်ကွက်မှု သို့မဟုတ် အခြား လုပ်ငန်းများဆောင်ရွက်ရန်ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံ ခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့် အသိပေးတင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သောပတ်ဝန်းကျင်အပေါ် သက်ရောက်မှုဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့်အကြောင်းကိစ္စရပ်ကို ၂၄ နာရီအတွင်း လည်း ကောင်း၊ အခြားအကြောင်းကိစ္စရပ်များအားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ ၇ ရက်အတွင်းလည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရန်၊

(၆) စီမံကိန်း၏အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာ သည့်အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတားဆီးရန် သို့မဟုတ် လျော့ချရန်ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း သို့မဟုတ်

တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ ဆောင်ရွက်ရန်နှင့် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရန်၊

(၇) စီမံကိန်းဧရိယာအတွင်း မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့်လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့် လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ်မူတည်၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရမည်။

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာပါဝင်တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့်အချိန်အထိ တိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူအခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့်အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှု ဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာအတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏လုပ်ငန်းခွင်ပြုပြင်မွမ်းမံမှုများ၊ လုပ်သားနေရာထိုင်ခင်းစီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်၊

(၁၀) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာတွင် ဖော်ပြထားသောပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်များ အကောင်အထည်ဖော်မှုအတွက် သုံးစွဲမည့်ရန်ပုံငွေကို ဘဏ်တစ်ခုခုတွင် ထည့်သွင်းထားသော Bank Statement အား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် ထုတ်ပေးပြီးနောက် (၆) လအတွင်း တင်ပြရန်၊

(၁၁) ငွေကြေးဆိုင်ရာအာမခံမှုထားရှိမည့်အစီအစဉ် (အာမခံအမျိုးအစား၊ ပမာဏ၊ အချိန်သတ်မှတ်ချက်၊ လျှော်ကြေးထားမှု၊ အာမခံသူ၏အမျိုးအစားနှင့် ငွေကြေးပမာဏ) အသေးစိတ်နှင့် ဝန်ကြီးဌာန၏ စစ်ဆေးမှုခံရန် ရန်ပုံငွေထားရှိမည့်အစီအစဉ် (ပမာဏ၊ ပေးချေသည့် လုပ်ထုံးလုပ်နည်း၊ အချိန်သတ်မှတ်ချက်နှင့်အကြိမ်) အသေးစိတ်ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် ထုတ်ပေးပြီးနောက် (၆) လအတွင်း ပြန်လည်တင်ပြရန်၊

(၁၂) ဆည်မှထုတ်လွှတ်ပေးမည့် ရေပမာဏမှာ မြစ်၏ဂေဟစနစ်ကျန်းမာရေးနှင့်ဂေဟစနစ်ဝန်ဆောင်မှုများ ယခင်ကအတိုင်းဆက်လက်ထောက်ပံ့နိုင်ရေး၊ မြစ်တိမ်ကောပျက်စီးသွားခြင်းနှင့် မြစ်ကမ်းပါးနှင့် မြစ်အောက်ခြေတိုက်စားမှုများမှ ရှောင်ရှားနိုင်ရေး၊ ငါးများရွှေ့ပြောင်းသွားလာနိုင်ရေး၊ ဆည်၏အောက်ဖက်နေထိုင်သူများမှ ရေအသုံးပြုနိုင်ရေးအတွက် လုံလောက်သော ရေပမာဏနှင့်ရေအရည်အသွေးဖြစ်ကြောင်း သေချာစေရန်နှင့် ဆည်၏အောက်ဖက်ချီဖွေမြစ်၏ အနည်းဆုံးရေစီးဆင်းမှုပမာဏလိုအပ်ချက်များ သိရှိရန် ချီဖွေမြစ်အတွက် Environmental Flow Assessment ကို IFC'S (2016) International Good Practice Note; Eflows For Hydropower Projects

ကို အခြေခံ၍ သင့်လျော်သော Modeling နှင့် Mapping နည်းလမ်းများဖြင့် ဆောင်ရွက်၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် ထုတ်ပေးပြီးနောက် (၆) လအတွင်း ပြန်လည်တင်ပြရန်၊

(၁၃) Dam Safety နှင့်ပတ်သက်၍ စီမံကိန်းလည်ပတ်သည့် သက်တမ်းတစ်လျှောက် ပြုပြင်ထိန်းသိမ်းမည့်အစီအစဉ် Operation and Maintenance Plan၊ စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ် (Dam Safety Monitoring Programme) ကိုရေးဆွဲ၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် ထုတ်ပေးပြီးနောက် (၆) လအတွင်း ပြန်လည်တင်ပြရန်၊

(၁၄) အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန်၊ အသက်အိုးအိမ်ဆုံးရှုံးမှုများအတွက် လျော်ကြေးပေးခြင်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် Emergemcy Preparedness Plan ပါ လုပ်ငန်းတစ်ခုချင်းစီ အကောင်အထည်ဖော်ခြင်းအတွက် သုံးစွဲမည့်ရန်ပုံငွေအသေးစိတ်အား Emergemcy Preparedness Plan တွင် ဖြည့်စွက်ရေးဆွဲ၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် ထုတ်ပေးပြီးနောက် (၆) လအတွင်း ပြန်လည်တင်ပြရန်၊

(၁၅) Dam Break Analysis ဆောင်ရွက်ခြင်းနှင့် Emergency Preparadness Plan ရေးဆွဲခြင်းအား JV Company ထူထောင်ပြီး စီးပွားဖြစ်လည်ပတ်မှု စတင်ချိန်တွင်ဆောင်ရွက်ပေးမည်ဟု ကတိကဝတ်ပြုဖော်ပြထားသဖြင့် Dam Failure နှင့် Flood Risk ကြောင့်ဖြစ်ပေါ်လာမည့် ရေလွှမ်းဧရိယာ (Flood Impact Zone)၊ ရေလွှမ်းဧရိယာအတွင်းကျရောက်မည့်ကျေးရွာများ၊ အခြေခံအဆောက်အဦများ၊ ထိခိုက်မှု၏ပြင်းထန်နိုင်မှုများအား သင့်လျော်သော ဆန်းစစ်သည့်နည်းလမ်း (Modeling/ Mapping) တစ်ခုခုဖြင့် တွက်ချက်ဖော်ပြခြင်း၊ Dam Break Analysis ဆောင်ရွက်ခြင်းနှင့် Dam Break Analysis အပေါ်အခြေခံ၍ Emergency Preparedness Plan အသစ်ပြန်လည်ရေးဆွဲခြင်းအား သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် ထုတ်ပေးပြီးနောက် (၆) လအတွင်း ပြန်လည်တင်ပြရန်၊

(၁၆) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန (ယခင်လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန) နှင့် CPI Yunnan International Power Investment Co., Ltd (Chipwi Nge Hydropower Co., Ltd), Asia World Co., Ltd တို့သည် ဧရာဝတီမြစ်၏ အထက်ပိုင်း မေခမြစ်၊ မလိခမြစ်နှင့် ချီဖွေငယ်မြစ်တို့တွင် ဆောင်ရွက်မည့် ရေအားလျှပ်စစ်စီမံကိန်း (၈) ခုတို့အတွက် ၂၀၀၆ ခုနှစ်ဒီဇင်ဘာလတွင် နားလည်မှုစာချွန်လွှာရေးထိုးခဲ့ပြီး အဆိုပါ စီမံကိန်းများအား (၁၅) နှစ်အတွင်း ပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်ပြီး ဧရာဝတီမြစ် အထက်ပိုင်း ရေအားလျှပ်စစ်စီမံကိန်းအားလုံး၏ ပိုင်ရှင်မှာ CPI Yunnan International Power Investment Co.,Ltd သာလျှင်ဖြစ်သဖြင့် ဧရာဝတီမြစ်ဝှမ်းအထက်ပိုင်းအတွက် (Upper Ayeyarwaddy Basin) တစ်ခုလုံးအတွက် အဆိုပြုရေအားလျှပ်စစ်စီမံကိန်း (၈) ခု အကောင်အထည်ဖော်ခြင်း ဖြစ်ပေါ်လာနိုင်သည့် Cumulative Impact များအတွက် CPI Yunnan International Power Investment Co., Ltd မှ ဧရာဝတီမြစ်ဝှမ်းအထက်ပိုင်းအတွက် (Upper Ayyarwaddy Basin) တစ်ခုလုံးအတွက် Cumulative Impact Assessment For Upper Ayayarwaddy Basin ကို မေခမြစ်၊ မလိခမြစ်ပါရှိ ရေအားလျှပ်စစ်စီမံကိန်း (၇) ခု၏ တည်ဆောက်ရေးလုပ်ငန်းများ မစတင်မီ ပြုလုပ်တင်ပြရန်။

(ထ) **စောင့်ကြပ်ကြည့်ရှုရေးအစီရင်ခံစာတင်ပြခြင်းဆိုင်ရာစည်းကမ်းချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုရေးအစီရင်ခံစာများကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆)လတစ်ကြိမ်တင်ပြရမည်ဖြစ်ပြီး အစီရင်ခံရမည့်ကာလ ကုန်ဆုံးပြီးနောက်(၃၀) ရက် အတွင်းတင်ပြရမည်။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်တွင် ဖော်ပြထားသည့် အစီအစဉ်အတိုင်း တင်ပြရန်၊

(၂) စောင့်ကြပ်ကြည့်ရှုရေး အစီရင်ခံစာများတွင် အောက်ပါအချက်များအား ဖော်ပြရန် -

(ကက) ဤပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု

အစီအစဉ်(EMP)အစီရင်ခံစာပါ အစီအစဉ်အားလုံးကို လိုက်နာဆောင်ရွက်ထားကြောင်း သက်သေခံစာရွက်စာတမ်းများ၊

(ခခ) တင်ပြထားသော ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်များအား အကောင်အထည်ဖော်ရေး အစီအစဉ်နှင့်နှိုင်းယှဉ်ဖော်ပြထားသည့် (အစီရင်ခံသည့်အချိန်အထိ) အကောင်အထည်ဖော်ခြင်းလုပ်ငန်းတိုးတက်မှုအခြေအနေ၊

(ဂဂ) ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်များအား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသောအခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားဆောင်ရွက်ရန် အကြံပြုချက်များနှင့် အနာဂတ်တွင် ယင်းအခက်အခဲများကိုရှောင်ရှားရန် သို့မဟုတ် ကြိုတင်ကာကွယ်ရန်အဆင့်များ၊

(ဃဃ)ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များကို မလိုက်နာသည့် လုပ်ငန်းအမျိုးအစားနှင့် အရေအတွက်၊ ကုစားဆောင်ရွက်ရန်အဆိုပြုသည့်နည်းလမ်းများနှင့်ကုစားဆောင်ရွက်ရေးလုပ်ငန်းများ ပြီးစီးရမည့် အချိန်ဇယား၊

(ငင) စီမံကိန်း၏ ပတ်ဝန်းကျင်စီမံခန့်ခွဲရေးအဖွဲ့က ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များ အကျဉ်းချုပ်၊

(စစ) ရှင်းပြချက်များ၊ မှတ်ချက်များပါဝင်သည့် မိမိအစီအစဉ်ဖြင့် စောင့်ကြပ်ကြည့်ရှုခြင်းအစီရင်ခံစာများ အကျဉ်းချုပ်၊

(ဆဆ)လုပ်ငန်းခွင်နှင့်ဒေသခံများ၏ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သက်ဆိုင်သည့်မတော်တဆမှုများ၊ ဖြစ်ရပ်များအကျဉ်းချုပ်၊

(ဇဇ) တိုင်ကြားမှုများ၊ နစ်နာစေသည့် အကြောင်းအချက်များ၊ ပြန်လည်ဖြေရှင်းထားရှိမှုများ အကျဉ်းချုပ်၊

(ဈဈ) ဒေသခံပြည်သူများချိတ်ဆက်ပါဝင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊

(ညည)ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ကတိပြုထားသော သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ ပတ်ဝန်းကျင်အရည်အသွေးဆိုင်ရာစံချိန် စံညွှန်းများ သို့မဟုတ် အခြားနည်းဖြင့် သတ်မှတ်ထားသော ပတ်ဝန်းကျင်ဆိုင်ရာ တိုင်းတာရန်အချက် (Parameter) များနှင့် စည်းကမ်းချက်များအား စောင့်ကြပ်တိုင်းတာသည့်အချက်အလက်များနှင့် ၎င်းရလဒ်များအပေါ် ပညာရပ်ပိုင်းဆိုင်ရာ အကဲဖြတ်သုံးသပ်မှုများနှင့် ဝေဖန်ပိုင်းခြားမှုများ။

(၃) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့် ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်။

(ဒ) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရအဖွဲ့အစည်းထံမှ စာဖြင့်ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့်ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာ ဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့်ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှရရှိသော ရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်းရယူခြင်းနှင့် ခွဲခြမ်းဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများစသည်တို့ပါဝင်ရန်၊ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုး

ညီညွတ်စွာဖြင့် အသုံးချနိုင်ရန်၊ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့်ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကိုဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့်နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက် ရန်နှင့် ဝန်ကြီးဌာနမှ စာဖြင့် သီးခြားရေးသား သဘောတူထားခြင်းမရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ)များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကို ရေးဆွဲ၍အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ၆ လ(၁)ကြိမ်တင်ပြရန်နှင့် အများပြည်သူသိရှိစေရန်ဝန်ကြီးဌာနသို့ တင်ပြသည့်နေ့ရက်မှ၁၀ ရက်အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေး လုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့်နေ့ရက်မှ ၁၀ ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင် လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူ စုဝေးရာနေရာများတွင် လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင် လည်းကောင်း အများပြည်သူသိရှိနိုင်စေရေး တင်ပြထားရှိရန်၊ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကိုရရှိပြီး နောက် ၁၀ ရက် အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်း လုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှ ဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း

နှင့်စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရန်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော် လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေး ခွင့်ပြုရန်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနကစစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့် လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများအပါအဝင် စာရွက်စာတမ်း အထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကိုတွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟုယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်း အပါအဝင်မည်သည့် နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(၉) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရန်။

(၁၀) အလုပ်သမားများအား ကျန်းမာရေးစစ်ဆေးမှုများဆောင်ရွက်၍ စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတွင် ထည့်သွင်းဖော်ပြရန်၊

(၁၁) စီမံကိန်းအဆိုပြုသူမှ စီမံကိန်းအနီးရှိ ကျေးရွာများ၌ ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသခံပြည်သူများ သို့မဟုတ် သက်ဆိုင်ရာကျေးရွာများမှ ကိုယ်စားလှယ်/ စိတ်ပါဝင်စားသူများအား ပါဝင်စေခြင်းအားဖြင့် ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ဆောင်ရွက်ရန်၊

(၁၂) စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုဆိုင်ရာ သက်သေခံလက်မှတ်သက်တမ်း(၅)နှစ်အတွင်း ထိတွေ့ဝန်းကျင် လေအရည်အသွေးတိုင်းတာမှုရလဒ်များကို စုစည်း၍ ထိုကာလအတွင်း ပြောင်းလဲမှုများကို ပညာရပ်ပိုင်းဆိုင်ရာ အကဲဖြတ်သုံးသပ်မှုများနှင့်

ဝေဖန်ပိုင်းခြားမှုများနှင့် အညီဆန်းစစ်သုံးသပ်ပြီး ဝန်ကြီးဌာနသို့ သီးခြားအစီရင်ခံစာတစ်ခုအနေဖြင့် သက်သေခံလက်မှတ်သက်တမ်းတိုးမည့်အချိန်တွင်အစီရင်ခံတင်ပြရန်၊

(၁၃) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ စီမံကိန်းမစတင်မီ အနီးပတ်ဝန်းကျင်ရေအရည်အသွေး အခြေအနေကို အခြေခံအဖြစ် ထည့်သွင်းစဉ်းစား၍ အနီးပတ်ဝန်းကျင် ရေထုအားညစ်ညမ်းမှု ရှိ၊ မရှိအား စောင့်ကြပ်ကြည့်ရှုရန်၊

(၁၄) ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအပြင် အောက်ဖော်ပြပါ ကိစ္စရပ်များဖြစ်ပွားပါက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရန်-

(ကက) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(ခခ) သိသာထင်ရှားသောညစ်ညမ်းမှု ဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခုဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှုကန့်သတ်တန်ဖိုး ဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(ဂဂ) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုးတစ်ခုခုကို ချိုးဖောက်ခြင်း၊

(ဃဃ) ပတ်ဝန်းကျင်နှင့် ကျန်းမာရေးတို့အပေါ်သိသာထင်ရှားသောဆိုးကျိုးသက်ရောက်မှုများ အသိပေးအကြောင်းကြားရာတွင် ဆောင်ရွက်ထားပြီးသော လျော့ပါးစေရေးနည်းလမ်းများနှင့် စီမံကိန်းလည်ပတ်မှုတွင် ပြောင်းလဲလုပ်ဆောင်ရန်အဆိုပြုသည့်လုပ်ငန်းများကိုလည်း ရှင်းလင်းဖော်ပြပေးရန်။

(၁၅) Project Design နှင့် Operation များပြောင်းလဲမှုရှိပါက ချီဖွေငယ်ရေအားလျှပ်စစ်ကုမ္ပဏီလီမိတက်သည် ပူးပေါင်းဆောင်ရွက်သူများကိုယ်စား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းအပိုဒ် (၉၆) အရ အကြောင်းကြားတင်ပြရန်၊

ပြည်ထောင်စုဝန်ကြီး

(၁၆) ရေကာတာလုံခြုံရေးဆန်းစစ်ခြင်း (Dam Safety Review And Dam Failure Modes Assessment) ကို (၅) နှစ်တစ်ကြိမ် တတိယအဖွဲ့အစည်း (Independent Third Party) ဖြင့်လုပ်ဆောင်ရန်နှင့် ၎င်းရေကာတာလုံ ခြုံရေးဆန်းစစ်ချက်ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ တင်ပြခြင်းနှင့်အများပြည်သူသိရှိစေရန် စီမံကိန်းအဆိုပြုသူ၏ Website တွင်လွှင့်တင်ခြင်းများ ဆောင်ရွက်ပေးရန်။

(ဓ) **ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့်သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများတွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ်သတင်းပို့ အကြောင်းကြားရမည်။

(န) **လူမှုတာဝန်သိအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီ ကာလထက်မနိမ့်ကျသော လူမှုစီးပွားရေးတည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီအစဉ်များကို စီမံကိန်းကြောင့်ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့်တိုင်ပင်ဆွေးနွေး၍ လိုအပ်သလိုပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(Township Development Plans)များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအားအလေးထားပေါင်းစပ်ဆောင်ရွက်ရန်၊

(၃) စီမံကိန်းတွင် အိမ်ရာပြောင်းရွှေ့ရန်၊ ပြန်လည်နေရာချထားပေးရန် သို့မဟုတ် နေရာရွှေ့ပြောင်းပေးရန် လိုအပ်ပါက စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက

အတည်ပြုထားသည့် အစီရင်ခံစာပါ ပြန်လည်နေရာချထားရေးလုပ်ငန်း စီမံချက်ကို လိုက်နာဆောင်ရွက်ရန်၊

(၄) လူထုအကျိုးပြုလုပ်ငန်းများ(CSR) စီမံဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ၏တောင်းဆိုချက်များသာမက ၎င်းတို့အမှန်တကယ်လိုအပ်သည့် လိုအပ်ချက်များကို စနစ်တကျဖြည့်ဆည်းပေးနိုင်ရန်အတွက် Need-Based Assessment အပေါ် အခြေခံ၍ ဆောင်ရွက်ရန်၊

(၅) လူထုအကျိုးပြုလုပ်ငန်းများ (CSR) စီမံဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန်နှင့် ဌာနဆိုင်ရာများမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံချက် (Township Development Plan)များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်၊

(၆) စီမံကိန်းမှထပ်မံလိုအပ်နိုင်မည့် လုပ်သားအင်အားခန့်မှန်းချက်များကို အခြေခံ၍ ဒေသခံလူငယ်များအား လိုအပ်သော သင်တန်းများပို့ချပြီး အလုပ်ခန့်အပ်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများအား ဖန်တီးရန်၊

(၇) စီမံကိန်းအဆိုပြုသူသည် ဆည်ကျိုးခြင်းအပါအဝင် အဆိုပြုစီမံကိန်းကြောင့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာထိခိုက်ပျက်စီးခြင်းများအားလုံးအတွက် တာဝန်ရှိပြီးထိခိုက်မှုများအတွက် လျော်ကြေးပေးဆောင်ခြင်း၊ ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရန်။

(ပ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့်လိုက်နာဆောင်ရွက်မည့်ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာရန်နှင့် ထုတ်ဖော်ကြေညာထားသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာနှင့် ပတ်သက်၍ အစိုးရအဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအပါအဝင် ဆက်စပ်ပတ်သက်သူများ၏ တောင်းဆိုအကြံပြုသည့် အချက်များကို အလေးထားဆောင်ရွက်ပေးရန်နှင့် ညှိနှိုင်းဖြည့်ဆည်းပေးရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလည်ပတ်နေစဉ် ကာလအတွင်းဒေသခံများနှင့် ဆက်သွယ်ပြန်ကြားရေးလုပ်ငန်းစဉ်များ၊ တိုင်ပင်ဆွေးနွေးရေး လုပ်ငန်း

စဉ်များအတွက်အချက်အလက် ထုတ်ပြန်ရေးအစီအစဉ် တစ်ရပ်ကိုရေးဆွဲ၍ အကောင်အထည်ဖော်ရန်နှင့် ထိုအစီအစဉ်၌ စီမံကိန်း၏ လုပ်ငန်းစဉ်များတွင် ပြောင်းလဲမှုတစ်စုံတစ်ရာပြုလုပ်ခြင်းကြောင့် သော်လည်းကောင်း၊ ထပ်တိုး လုပ်ဆောင်မှု တစ်စုံတစ်ရာကြောင့်သော်လည်းကောင်း ဒေသခံပြည်သူများ၏ ပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုဆိုင်ရာနှင့် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်း ရှင်းရေးကိစ္စရပ်များအပေါ် သက်ရောက်မှု တစ်စုံတစ်ရာရှိနိုင်မည်ဆိုပါက ဒေသခံများသို့ ကြိုတင်အသိပေး၍ တိုင်ပင်ဆွေးနွေးမည့်အစီအစဉ်ပါဝင်ရန်။

(ဗ) **အငြင်းပွားမှု ဖြေရှင်းရေးဆိုင်ရာ စည်းကမ်းချက်များ။** အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက်ရမည် -

(၁) စီမံကိန်းအဆိုပြုသူသည် "ဒေသခံများနှင့်ညှိနှိုင်းဆွေးနွေးခြင်းစီမံချက်" (Community Engagement Plan)အား စီမံကိန်းစတင်လည်ပတ်သည့် အချိန်မှ ယခုအချိန်အထိ ဆောင်ရွက်ထားရှိမှုအခြေအနေများ (ဥပမာ -လက်ရှိ တွင် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ တိုင်ကြားချက်ရရှိမှုများ၊ ၎င်းတိုင် ကြားချက်များကို ဖြေရှင်းထားရှိမှုအခြေအနေများ အစရှိသည်ဖြင့်) တို့အား ဝန်ကြီးဌာနသို့ (၆)လ အတွင်း သီးခြားအစီရင်ခံတင်ပြရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် တိုင်ကြားမှုနှင့် ပြဿနာစီမံခန့်ခွဲရေးတို့ကို ထိရောက် စွာ ဆောင်ရွက်ပေးနိုင်ရန် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးရေး ကော်မတီ တစ်ရပ်ကို ဖွဲ့စည်းထူထောင်၍ အောက်ပါလုပ်ငန်းများ ဆောင်ရွက်ရန် -

(ကက) စီမံကိန်းအကျိုးဆက်စပ်သူများထံမှ တိုင်ကြားချက်များကို စိစစ်သုံး သပ်ခြင်းနှင့် မှတ်တမ်းတင်ခြင်း၊ (တိုင်ကြားချက်များတွင် စီမံကိန်းနှင့် သက်ဆိုင်သောကိစ္စရပ်များ၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန် တာဝန်ရှိသော ကန်ထရိုက်တာ၊ လက်ခွဲကန်ထရိုက်တာ သို့မဟုတ် လူ ပုဂ္ဂိုလ်တစ်ဦးဦးနှင့် သက်ဆိုင်သည့်ကိစ္စရပ်များ၊ ရန်ပုံငွေများကို အလွဲ သုံးခြင်းနှင့် အခြားပုံမှန်မဟုတ်သည့် ကိစ္စရပ်များအား တိုင်ကြား ခြင်း၊ ပြန်လည်နေရာချထားရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကျား/မ တန်းတူညီမျှမှုတို့ အပါအဝင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်သက် သည့် နစ်နာမှုများကိုတိုင်ကြားခြင်းစသည်တို့ ပါဝင်သည်။)

(ခခ) နစ်နာမှုများကို တက်ကြွစွာဖြင့် ကြိုတင်ဖြေရှင်းပေးခြင်း၊

(ဂဂ) ရွေးချယ်ဆောင်ရွက်မည့် လုပ်ငန်းစဉ်/လုပ်ငန်းကို တိုင်ကြားသူများသို့ အသိပေးအကြောင်းကြားခြင်း၊

(ဃဃ) လက်ခံရရှိသည့် တိုင်ကြားချက်အရေအတွက်၊ ဖြေရှင်းပြီးသည့် တိုင်ကြားချက်အရေအတွက်၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်း၏ အပြီးသတ် အကျိုးရလဒ်များ၊ ရွေးချယ်ဆောင်ရွက်သော ဖြေရှင်းရေး လုပ်ငန်းစဉ် စသည်တို့နှင့်ပတ်သက်၍ အကျဉ်းချုပ်အစီရင်ခံစာများကို အချိန်ကာလ အလိုက် ပြုစုခြင်းနှင့် ထိုအစီရင်ခံစာများအား သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖတ်ရှုနိုင်ရေး တင်ပြရန်။

(၃) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးလုပ်ငန်းများမစတင်မီနှင့် စီမံကိန်း သက်တမ်းတစ်လျှောက်လုံးအတွက် ဒေသခံပြည်သူများထံမှ တိုင်ကြားချက် များကို လက်ခံရန်ဖြစ်စေ သို့မဟုတ် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်း သိမ်းရေးဝန်ကြီးဌာနက သဘောတူညီထားချက်အရဖြစ်စေ အောက်ပါတို့ကို ဆောင်ရွက်ထားရမည် -

(ကက)လုပ်ငန်းခွင်ရှိ တည်ဆောက်ခြင်းနှင့် လည်ပတ်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ တိုင်ကြားမှုများကို မှတ်တမ်းတင်နိုင်ရန်အတွက် (၂၄) နာရီ ခေါ်ဆိုနိုင်သည့် တယ်လီဖုန်းနံပါတ်တစ်ခုထားရှိရန်၊

(ခခ) စာဖြင့်ရေးသားထားသော တိုင်ကြားချက်များကို ပေးပို့နိုင်ရန်အတွက် စာပို့လိပ်စာတစ်ခုထားရှိရန်၊

(ဂဂ) စီမံကိန်းမှ တိုင်းကြားချက် ဖြေရှင်းပေးမှု အစီအစဉ်များအား အများ ပြည်သူမှ ကောင်းမွန်စွာသိရှိနားလည်စေရန်အတွက် စီမံကိန်းအဆိုပြု သူ၏ အင်တာနက် ဝက်ဘ်ဆိုဒ် / Facebook စာမျက်နှာနှင့် စီမံကိန်း အနီးမှကျေးရွာများရှိ အများပြည်သူစုဝေးရာ သတင်းအချက်အလက် စင်တာများတွင် ထုတ်ပြန်ထားရှိရန်၊

(ဃဃ)တိုင်ကြားချက်များကို အီလက်ထရောနစ်နည်းလမ်းဖြင့် ပေးပို့နိုင်ရန် အတွက် အီးမေးလ်လိပ်စာတစ်ခုထားရှိရန်နှင့် တယ်လီဖုန်းနံပါတ်၊စာပို့ လိပ်စာနှင့် အီးမေးလ်လိပ်စာတို့ကို တည်ဆောက်ရေးလုပ်ငန်းများ မစ တင်မီတွင် စီမံကိန်းအဆိုပြုသူ၏အင်တာနက်ဝက်ဘ်ဆိုဒ် သို့မဟုတ် ပြည်သူများရှင်းလင်းစွာတွေ့မြင်နိုင်သည့်အနေအထားဖြင့် လုပ်ငန်းခွင် ၏အဝင်ဝအနီးတွင် ဆိုင်းဘုတ်တစ်ခုဖြင့် ရေးသားဖော်ပြရန်။

(၄) စီမံကိန်းအဆိုပြုသူသည် လက်ခံရရှိသည့် တိုင်ကြားချက်များအားလုံးကို တစ်ဖက်ပါအချက်များပါဝင်သော အမြဲဆောင်ရွက်နေသည့် တိုင်ကြားချက် မှတ်တမ်းတင်စာအုပ်ထားရှိရမည့်အပြင် အဆိုပါ တိုင်ကြားချက်မှတ်တမ်းတင်

စာအုပ်ကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက စစ်ဆေးရန် တောင်းခံလာပါက ပေးအပ်တင်ပြရမည်-

(ကက) တိုင်ကြားသည့် နေ့ရက်နှင့် အချိန်၊

(ခခ) တိုင်ကြားသည့် နည်းလမ်း၊ (တယ်လီဖုန်း၊ စာ၊ အီးမေးလ်ဖြင့်)

(ဂဂ) တိုင်ကြားသူက ဖော်ပြထားသော ပုဂ္ဂိုလ်ရေး အသေးစိတ်အချက်အလက်များ၊

(ဃဃ)တိုင်ကြားသည့် အကြောင်းအရာ၊

(ငင) တိုင်ကြားချက်နှင့်စပ်လျဉ်း၍ စီမံကိန်းအဆိုပြုသူက ဆောင်ရွက်ထားသည့် အကောင်အထည်ဖော်မည့် အချိန်ဇယားများပါသော အရေးယူဆောင်ရွက်ချက်၊

(စစ) တိုင်ကြားချက်နှင့်စပ်လျဉ်း၍ စီမံကိန်းအဆိုပြုသူက မည်သည့်လုပ်ဆောင်ချက်မှ ဆောင်ရွက်ထားခြင်းမရှိပါက အဘယ်ကြောင့် မဆောင်ရွက်ရသည်ဟူသော အကြောင်းပြချက်။

(ဗ) **လုပ်သားများနစ်နာမှု ဖြေရှင်းပေးရေးဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်း အဆိုပြုသူသည် စီမံကိန်းလည်ပတ်ဆောင်ရွက်စဉ်အတွင်း လုပ်သားများ၏ တိုင်ကြားချက်/ နစ်နာချက်များကို ပြန်လည်ဖြေရှင်းပေးရန် လုပ်ငန်းစဉ်တစ်ရပ်ကို တည်ထောင်ရမည်။ ယင်းတွင် နေရာထိုင်ခင်း အခြေအနေများကြောင့် ထွက်ပေါ်လာသော မကျေနပ်ချက်များကို တုံ့ပြန်ဖြေရှင်းပေးရန်လည်း ပါဝင်သည်။

(ဘ) **မမျှော်မှန်းနိုင်သောထိခိုက်မှုများဆိုင်ရာစည်းကမ်းချက်များ။** စီမံကိန်းတည်ဆောက်ခြင်း၊ လည်ပတ်ဆောင်ရွက်ခြင်း၊ ပိတ်သိမ်းခြင်း သို့မဟုတ် ရပ်စဲခြင်း အဆင့်တစ်ခုခုတွင် ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၌ ထည့်သွင်းစဉ်းစားထားခြင်းမရှိသည့် မမျှော်မှန်းနိုင်သော ပတ်ဝန်းကျင်/ လူမှုရေးဆိုင်ရာ အန္တရာယ် သို့မဟုတ် ထိခိုက်မှုတစ်ခုခု ပေါ်ပေါက်လာပါက၊ စီမံကိန်းအဆိုပြုသူသည် ထိုသို့သောအန္တရာယ် သို့မဟုတ် ထိခိုက်မှုဖြစ်ပေါ်သည်နှင့်တပြိုင်နက်ဖြစ်ပေါ်သည့်ကိစ္စရပ်နှင့်အဆိုပြုထားသော ကုစားဆောင်ရွက်ရေးလုပ်ငန်းစီမံချက်တို့ကို အသေးစိတ်ရှင်းလင်းဖော်ပြလျက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ချက်ချင်း အကြောင်းကြားရမည်။

(မ) **ရန်ပုံငွေထားရှိမှုဆိုင်ရာ စည်းကမ်းချက်များ။** ရန်ပုံငွေထားရှိမှုဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်

ဆောင်ရွက်နိုင်ရေး ရန်ပုံငွေထူထောင်ထားရှိရန်နှင့် လုပ်ငန်းပိတ်သိမ်းခြင်းအတွက် ရန်ပုံငွေတစ်ရပ် ကြိုတင်ထူထောင်ထားရှိရမည်။

(ယ) **ပတ်ဝန်းကျင်စီမံခန့်ခွဲမှု စီမံချက်များနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) ဆက်စပ်သက်ရောက်မှု စီမံခန့်ခွဲမှုစီမံချက်နှင့်စပ်လျဉ်း၍ စီမံကိန်းအစိတ်အပိုင်းအသီးသီးမှ ဆက်စပ်၍ ထပ်တိုးဖြစ်ပေါ်နိုင်သော သက်ရောက်မှုများ (ဥပမာ-လေထုအရည်အသွေးသက်ရောက်မှုများ)ကို ထိန်းချုပ်မည့် အစီအစဉ်များအား ပြင်ဆင်ရေးဆွဲ၍ လိုက်နာဆောင်ရွက်ရန်၊

(၂) လေထုညစ်ညမ်းမှုလျှော့ချရေးနှင့် ထိန်းချုပ်ရေးစီမံချက်နှင့်စပ်လျဉ်း၍ တည်ဆောက်ခြင်းနှင့်လုပ်ငန်းလည်ပတ်ခြင်းကာလများအတွင်း အခြားသော ထုတ်လွှတ်မှုများလျှော့ချရေးနှင့် ထိန်းချုပ်ရေးနည်းလမ်းများရေးဆွဲ၍ လိုက်နာဆောင်ရွက်ရမည်။ ထုတ်လွှတ်မှုထိန်းချုပ်စနစ်များ၊ ကိရိယာများနှင့် ၎င်းတို့၏ လုပ်ဆောင်ချက်များအား ပုံမှန်စစ်ဆေးမည့်အစီအစဉ်များ၊ ထုတ်လွှတ်မှု ကန့်သတ်ချက်များနှင့် ၎င်းကန့်သတ်ချက်များထက် ကျော်လွန်ထုတ်လွှတ်မှု ရှိပါက တုံ့ပြန်ဆောင်ရွက်မည့်နည်းလမ်းများကို ရေးဆွဲ၍ လိုက်နာဆောင်ရွက်ရန်၊

(၃) ဆူညံမှုနှင့်တုန်ခါမှု စီမံခန့်ခွဲမှုစီမံချက်နှင့်စပ်လျဉ်း၍ တည်ဆောက်ခြင်းကာလနှင့် လုပ်ငန်းပိတ်သိမ်းခြင်းကာလများအတွင်း လုပ်ငန်းများမှ ထွက်ရှိမည့် ဆူညံသံနှင့် တုန်ခါမှုများကို စီမံခန့်ခွဲမည့်နည်းလမ်းများရေးဆွဲ၍ လိုက်နာဆောင်ရွက်ရန်၊

(၄) ရေအရည်အသွေးစီမံခန့်ခွဲမှုစီမံချက်နှင့်စပ်လျဉ်း၍ ရေရယူသည့်အဆင့်မှ သိုလှောင်ခြင်း၊ အသုံးပြုခြင်း၊ လှည့်လည်အသုံးပြုခြင်း၊ သန့်စင်ခြင်းမှစွန့်ထုတ်ခြင်းအထိ ရေအရည်အသွေးစီမံခန့်ခွဲခြင်းအတွက် အစီအစဉ်များရေးဆွဲ၍ လိုက်နာဆောင်ရွက်ရန်၊

(၅) အန္တရာယ်ရှိပစ္စည်းများစီမံခန့်ခွဲမှုစီမံချက်နှင့် စပ်လျဉ်း၍ အမျိုးအစား၊ အတန်းအစားနှင့် အကန့်အသတ်များ၊ စုဆောင်းခြင်း၊ သိုလှောင်ခြင်း၊ ကိုင်တွယ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သန့်စင်ခြင်းနှင့် စွန့်ပစ်ခြင်းတို့အတွက် နည်းလမ်းများနှင့် စနစ်များကို သတ်မှတ်ဖော်ပြရမည်။ ၎င်းစီမံချက်တွင် “အရေးပေါ်တုံ့ပြန်မှုအစီအစဉ်”(Emergency Response Plan) အား ထည့်သွင်းရေးဆွဲ ၍ လိုက်နာဆောင်ရွက်ရန်၊

(၆) အစိုင်အခဲစွန့်ပစ်ပစ္စည်းနှင့် အန္တရာယ်ရှိစွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုစီမံချက်နှင့် စပ်လျဉ်း၍ ထွက်ရှိသောစွန့်ပစ်ပစ္စည်း(အရည်၊ အစိုင်အခဲ၊ အငွေ့)အမျိုးအစား၊ အတန်းအစားနှင့် ပမာဏများ၊ စုဆောင်းခြင်း၊ သိုလှောင်ခြင်း၊ ကိုင်တွယ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊သန့်စင်ခြင်းနှင့်စွန့်ပစ်ခြင်းတို့အတွက် နည်းလမ်းများနှင့် စနစ်များ၊ စွန့်ပစ်ပစ္စည်းများအား ပြန်လည်သုံးစွဲသည့်နည်းလမ်းများ၊ နောက်ဆုံး စွန့်ပစ်သည့်နည်းလမ်းနှင့် နေရာများအစရှိသည်တို့ကို သတ်မှတ်ဖော်ပြရန်၊ ၎င်းစီမံချက်တွင် စီမံကိန်းပြုပြင်မွမ်းမံခြင်းလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် စီမံခန့်ခွဲမှုအစီအစဉ်များကိုပါ ထည့်သွင်းရေးဆွဲ၍ လိုက်နာဆောင်ရွက်ရန်၊

(၇) ယာဉ်သွားလာမှုနှင့် ယာဉ်ဝင်ရောက်မှုထိန်းချုပ်ရေးစီမံချက်နှင့်စပ်လျဉ်း၍ ဝင်ရောက်သည့်နေရာများ ကန့်သတ်ခြင်း၊ ပစ္စည်းနှင့်လူများအား သယ်ယူပို့ဆောင်ရေးနည်းလမ်းများ၊ ကုန်ကြမ်းပစ္စည်းများ (သို့မဟုတ်) စွန့်ပစ်ပစ္စည်းများအား သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ၊ စီမံကိန်းအတွင်းသို့ ဝင်ရောက်မှု ထိန်းချုပ်ရေးနည်းလမ်းများအစရှိသည့် စီမံခန့်ခွဲမှုအစီအစဉ်များအားရေးဆွဲ၍ လိုက်နာဆောင်ရွက်ရန်၊

(၈) ဒေသခံများကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးစီမံချက်နှင့်စပ်လျဉ်း၍ ဒေသခံများ၏ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးကို ကာကွယ်ရန်နည်းလမ်းများ၊ အစီအစဉ်များအားရေးဆွဲ၍ လိုက်နာဆောင်ရွက်ရမည်၊

(၉) လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးစီမံချက်နှင့်စပ်လျဉ်း၍ လုပ်သားများအတွက် တကိုယ်ရည်သုံး ကာကွယ်ရေးပစ္စည်းများ၊ နေထိုင်စားသောက်မှုပုံစံများ၊ လုပ်ငန်းခွင်အခြေအနေစသည်တို့အတွက် သတ်မှတ်ချက် များပါဝင်သည့် လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးစီမံချက်ကိုရေးဆွဲ၍ လိုက်နာဆောင်ရွက်ရမည်။ ၎င်းအားရေးဆွဲရာတွင် စီမံကိန်းနှင့်သက်ဆိုင်သည့် နိုင်ငံတကာလမ်းညွှန်ချက်များ (ဥပမာ - အပြည် ပြည်ဆိုင်ရာ ဘဏ္ဍာရေးအဖွဲ့အစည်း(IFC)၏ ပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာလမ်းညွှန်ချက်များ) အား ထည့်သွင်းစဉ်းစားရေးဆွဲပြီး လိုက်နာဆောင်ရွက်ရန်၊

(၁၀) ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲရေး စီမံချက်နှင့်စပ်လျဉ်း၍ စီမံကိန်းအကောင်အထည်ဖော်စဉ်အတွင်း ရှာဖွေတွေ့ရှိသည့် ယဉ်ကျေးမှုသယံဇာတများအတွက် "မတော်တဆတွေ့ရှိမှု (chance find)" လုပ်ထုံးလုပ်နည်းများနှင့် ထိန်းသိမ်းရေး နည်းလမ်းများရေးဆွဲ၍ လိုက်နာဆောင်ရွက်ရန်၊

(၁၁) ဒေသခံများနှင့် ညှိနှိုင်းဆွေးနွေးခြင်း စီမံချက်နှင့်စပ်လျဉ်း၍ စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ အကျိုးဆက်စပ်သူများအား သရုပ်ခွဲဆန်းစစ်ခြင်း၊ ချိတ်ဆက်ပါဝင်စေရေးအတွက် မဟာဗျူဟာရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း၊ သတင်းအချက်အလက် ထုတ်ပြန်ခြင်းနှင့်ဖြန့်ဝေခြင်း၊ တိုင်ပင် ဆွေးနွေးခြင်းနှင့် ပူးပေါင်းပါဝင်စေခြင်း၊ မကျေနပ်မှုများအား တိုင်ကြားနိုင်မည့် အစီအစဉ်များ၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်များ၊ ပတ်ဝန်းကျင်နှင့်လူမှု ဆိုင်ရာ ပူးတွဲစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ထိခိုက်ခံရသည့် ဒေသခံများသို့ စဉ်ဆက်မပြတ် အစီရင်ခံခြင်းစသည်တို့ပါဝင်သည့် ဒေသခံများနှင့်ညှိနှိုင်း ဆွေးနွေးခြင်း စီမံချက်အားရေးဆွဲ၍ လိုက်နာဆောင်ရွက်ရန်၊

(၁၂) ဒေသဖွံ့ဖြိုးရေးစီမံချက်နှင့်စပ်လျဉ်း၍ ဒေသခံများအား တိုက်ရိုက်အကျိုးရှိစေရန် စီမံကိန်းအဆိုပြုသူမှ ဆောင်ရွက်မည့်လုပ်ငန်းများကို စီမံချက်များဖြင့် စနစ်တကျရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ယင်းလုပ်ငန်းများတွင် ပညာရေးအတွက်ကူညီပေးခြင်း၊ အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်စေခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု ကူညီပေးခြင်း၊ ရပ်ရွာလူမှုရေးကိစ္စရပ်များကို ကူညီပေးခြင်း၊ စီးပွားရေးမြှင့်တင်ပေးခြင်း၊ ဒေသခံများကို အလုပ်အကိုင်ခန့်ထားခြင်းနှင့် ဒေသခံများထံမှ ပစ္စည်းဝယ်ယူရေးအစီအစဉ်များပါဝင်သည့် ဒေသဖွံ့ဖြိုးရေး စီမံချက်အားရေးဆွဲ၍ လိုက်နာဆောင်ရွက်ရန်၊

(၁၃) အရေးပေါ်အခြေအနေ တုံ့ပြန်ရေးစီမံချက်နှင့်စပ်လျဉ်း၍ သဘာဝဘေးအန္တရာယ်များနှင့်စက်ရုံမတော်တဆမှုများကိုဖြေရှင်းနိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းရေးဆွဲထားသည့် အရေးပေါ်အခြေအနေ တုန့်ပြန်ရေးနှင့် စီမံခန့်ခွဲရေးစီမံချက်တစ်ခုကိုရေးဆွဲ၍ လိုက်နာဆောင်ရွက် ရန်နှင့် ၎င်းတွင်အရေးပေါ် အခြေအနေများအတွက် ပြင်ဆင်ထားမှုများ၊ အရေးပေါ် အခြေအနေအတွက် တုံ့ပြန်ဆောင်ရွက်မည့်အဖွဲ့၊ အရေးပေါ်အခြေအနေတွင် ဆောင်ရွက်မည့်ဆက်သွယ်ရေးလုပ်ငန်းများ၊ အရေးပေါ်အခြေအနေအား တုံ့ပြန်ရန်အတွက် အဆောက်အဦများ၊ စက်ယန္တရားများ၊ လုပ်ဆောင်မည့် လုပ်ငန်းများအစရှိသည့် အကြောင်းအရာများအားထည့်သွင်းရေးဆွဲ၍ လိုက်နာဆောင်ရွက်ရန်၊

(၁၄) ပတ်ဝန်းကျင်အရည်အသွေး စောင့်ကြပ်ကြည့်ရှုရေးစီမံချက်နှင့်စပ်လျဉ်း၍ တိုင်းတာရမည့်အချက် (parameters) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့်ဓါတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယား၊ အချက်အလက်စီမံခန့်ခွဲခြင်း၊ တိုင်းတာရေးကိရိယာ

များကို ပြုပြင်ထိန်းသိမ်းခြင်းနှင့်ထိန်းချုပ်ခြင်း၊ မှတ်တမ်းတင်ခြင်းနှင့်အစီရင်ခံခြင်းစသည်တို့ကို သတ်မှတ်ဖော်ပြ၍ လိုက်နာဆောင်ရွက်ရန်။

**သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅)နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သက်တမ်းမကုန်ဆုံးမီ ၆ လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ ၂ နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း ၃၀ ထက် နောက်မကျစေဘဲ ဦးစီးဌာနသို့ စာဖြင့်သတင်းပို့အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်း မရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှလိုအပ်ကြောင်းကိုအကျိုးအကြောင်းဖော်ပြ၍ထိုလိုအပ်သည့်ကာလ အတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့် ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံ လက်မှတ်ရရှိပြီး ၂နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာအကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များတွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာကို ပြန်လည်ပြင်ဆင်စေပြီးတင်ပြရန် ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှုမရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာကို မူလအတည်ပြုခဲ့သည့် အချိန်မှကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများ ရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက်ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သောနည်းလမ်း အဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာလျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ်မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ။**

၉။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ်ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့်ဝန်ကြီးဌာနကသတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသောလွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်းအဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများအားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---